တရားမပုံစံအမှတ်– ၉၄  ဤပုံစံကို အသုံးပြုရန်အတွက် တရားမပုံစံအမှတ် ၉၆ ကိုကြည့်

**ရောင်းချရန်ကြော်ငြာစာ**

**( တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆ )**

**မဟာအောင်မြေခိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ ဇာရီမှုအမှတ် – ၄၀၉**

| | | |
|---|---|---|
| **ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(၁)** | **နှင့်** | ၁။ ဦးမော်စန်း<br>၂။ ဒေါ်စန်းစန်းအေး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

**မန္တလေးခရိုင်**တရားရုံးတော်၊**တရားမကြီး**မှုအမှတ်–၁၁၅/၁၉အမှုတွင်အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို **၂၀၂၄**ခုနှစ်၊ အောက်တိုဘာ လ၊ **၂၁** ရက်နေ့၊ နံနက် **၁၀** နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

<u>**လေလံရောင်းချမည့် စည်းကမ်းချက်များ**</u>

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင် သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလဲဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့် ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင့်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူပိုင်ခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက် မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံ ရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ လ ( ၃ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

တရားသူကြီး။
(ဝင်းမင်းထွန်း)
ဒုတိယခရိုင်တရားသူကြီး ( ၃ )
မဟာအောင်မြေခရိုင်တရားရုံး

<u>ပစ္စည်းစာရင်း</u>

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (F)၊ ဦးပိုင်အမှတ်(၇၆-က)၊ ဧရိယာ (၀.၀၃၁)ကေရှိဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ (၁၈×၅၄)ပေရှိ (၃) ထပ်အာရ်စီပတ်ကားတိုက်အဆောက်အဦ။

လေလံကြမ်းခင်းဈေးငွေကျပ်သိန်း- သိန်း( ၂၂၉၀၀ )
အရောင်းကြော်ငြာပြန်သွင်းရန်နေ့ရက်- ( ၁၉ - ၉ -၂၀၂၄)

<u>ကပ်ရန်</u>

၁။ မဟာအောင်မြေခရိုင်တရားရုံးကြော်ငြာသင်ပုန်း
၂။ ချမ်းမြသာစည်မြို့နယ်တရားရုံးကြော်ငြာသင်ပုန်း
၃။ ကံသာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကြော်ငြာသင်ပုန်း
၄။ အချင်းဖြစ်ပစ္စည်းတည်ရှိရာနေရာ
၅။ အမှုတွဲလက်ခံ